# အမျိုးသမီးများ အသင့်ဖြစ်ပြီ
# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး အသွင်ကူးပြောင်းရာ၌ အခွင့်အလမ်းတစ်ခု

"အမျိုးသမီးများကို အစဉ်တစိုက် ဖယ်ထုတ်ထားခြင်းနှင့် ကျား/မ လူမှုရေးရာ ဆန်းစစ်မှုကို မေ့လျော့ထားခြင်းသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး အခွန့် ရှည်ခိုင်မာအောင်ဆောင်ရွက်ရာတွင် စွန့် စားမှုများစွာ ဖြစ်ပေါ်စေပါသည်။"

(ဆွေးနွေးမှု စာတမ်း၊ အမှတ် (၁)၊ ဇန်နဝါရီလ၊၂၀၁၆ခုနှစ်)

## တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအတွက် စေ့စပ်ညှိနှိုင်းရာတွင် အမျိုးသမီးများပါဝင်မှု

### နိုင်ငံတော်အစိုးရ

**၀%**
ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီ
**(UPCC)**

**၄%**
ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်း ကော်မတီ
**(UPWC)**

### တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ

**၆%**
တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့
**(NCCT)**

**၁၃%**
အဆင့်မြင့် ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့
**(SD)**

## နိုင်ငံရေး နှင့် လုံခြုံရေး



၂၀၁၆ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် (၁၄) ခု အနက် (၃)ခုတွင် အမျိုးသမီး ပါဝင်နိုင်ခြင်း မရှိပါ။

- အမျိုးသမီးများ ပါဝင်နိုင်မှုမရှိ
- အမျိုးသမီးနှင့် အမျိုးသားနှစ်ဦးလုံးပါဝင်
- ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်မရှိ

အာဆီယံနိုင်ငံများရှိ နိုင်ငံတော်အဆင့် လွှတ်တော်များတွင် အမျိုးသမီးများ ပါဝင်မှု ( ၂၀၁၅)




မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် အမျိုးသမီး များပါဝင်မှု(၂၀၁၆)




တပ်မတော်တွင် အမျိုးသမီးများ ပါဝင်သည့် အရေအတွက်ကို သိရှိနိုင်မည့် ခိုင်မာသည့် အချက်အလက်များ လတ်တလောတွင် မရရှိနိုင်သေးပါ။

**၃.၄%**
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (၂၀၁၅) ၏ ရဲအရာရှိများ အနက် ၃.၄%မှာ အမျိုးသမီး များဖြစ်သည်။




ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် ၁၂.၅% သော လွှတ်တော်ကိုယ်စား လှယ်များမှာ အမိုးသမီးများဖြစ် ကြသည်။

မြန်မာနိုင်ငံ၏ လွှတ်တော်တွင် အမျိုးသမီး ကိုယ်စားပြု ပါဝင်နိုင်မှု (၁၄.၅%) သာရှိရာ အာဆီယံဒေသအတွင်း နိုင်ငံတော်အဆင့် လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားပြုပါဝင်နိုင်မှု အနည်းဆုံး နိုင်ငံတစ်ခုဖြစ်ပါသည်။


**Icons courtesy of:**

https://thenounproject.com/samymenai/
https://thenounproject.com/hunotika
https://thenounproject.com/jcoico
https://thenounproject.com/ochaavmu
https://thenounproject.com/jmkeuning
https://thenounproject.com/sebastian.langer.330
https://thenounproject.com/pronoun
https://thenounproject.com/edward/collection/aiga


PEACE SUPPORT FUND


ငြိမ်းချမ်းရေးပံ့ပိုးမှုရန်ပုံငွေအဖွဲ့
အမှတ် ၁၃၅၊ အေ (၁)၊သံလွင်လမ်း
ကမာရွတ်မြို့ နယ်၊ ရန်ကုန်မြို့ ။
မြန်မာ။

info@peacesupportfund.org

# ယခုပင် စတင်ကျင့်သုံးရန် လက်တွေ့ ကျသော လုပ်ငန်းအဆင့်များ

"ငြိမ်းချမ်းရေး အခွန့် ရှည်ခိုင်မာအောင် တည်ဆောက်ရေးအတွက် အလားအလာကောင်းတဲ့ အကြောင်းတရားတွေကို အသုံးချတဲ့နေရာမှာ အမျိုးသမီးတွေကို ထည့်သွင်းပါဝင်စေဖို့ မေ့လျော့နေခြင်းဟာ စွမ်းအား အရင်းအမြစ်နဲ့ အခွင့်အလမ်း တွေကို ဖြုံးတီးပစ်လိုက်တာနဲ့ အတူတူပါဘဲ။ "

( ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ အစည်း (OSCE)၊ အထွေထွေ အတွင်းရေးမှူး လမ်ဘာတိုဇန်နီဂျာ)

### နိုင်ငံတော် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်း၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော လူမှုအဖွဲ့ အစည်းများ နှင့် အလှူရှင်များသို့ ..

(၁) မြန်မာနိုင်ငံတွင် ကျား/မ ရေးရာတန်းတူညီမျှမှု နှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ပိတ်ပင်တားဆီးနေသော အမျိုးသားတို့ ၏ အမြင်နှင့် အပြုအမူ အလေ့အထတို့ ကို ပြောင်းလဲပစ်ရန်အတွက်-

(က) အမျိုးသားများနှင့် ယောကျ်ားလေးငယ်များ၏ အမြင်နှင့် အပြုအမူ၊ အလေ့အထ တို့ ကို ပြောင်းလဲပေးမည့် လုပ်ဆောင်ချက်နှင့် လုပ်ငန်း အစီအစဉ်တို့ ကို အကောင်အထည်ဖော်ခြင်း။

(ခ) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နည်းပညာ အကြံဉာဏ်များ ပံ့ပိုးပေးခြင်းအားဖြင့် ကျား/မ ရေးရာ အမြင်များ ထည့်သွင်းပေါင်းစပ် လုပ်ဆောင်မှုကို သေချာရေရာမှုရှိစေခြင်း။

(၂) အမျိုးသမီးတို့ ကို မိသားစုဝင်များနှင့် ကလေးငယ်တို့ အတွက်ပြုစုစောင့်ရှောက်ရန် အဓိက တာဝန်ရှိသူများအဖြစ် ရှုမြင်တတ်ကြရာ ကလေးသူငယ်စောင့်ရှောက်ရေးအတွက် ရန်ပုံငွေ (သို့ မဟုတ်) လစာပံ့ပိုးပေးခြင်းအားဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ အစည်းအဝေးနှင့် ညီလာခံများတွင် အမျိုးသမီးများ ပါဝင်နိုင်မည့် အချိန်နှင့် အခွင့်အရေးတို့ ကို ဖန်တီးပေးရန်။

(၃) အကာအကွယ်ပေးရေး မူဘောင်တွင် အမျိုးသမီးတို့ ကို နှုတ်ဆိတ်စေခြင်းထက် ခွန်အားမြှင့်တင်ပေးခြင်းနည်းလမ်းအားဖြင့် ပဋိပက္ခများတွင် အမျိုးသမီးတို့ ကို ဓါးစာခံ အဖြစ်ရှုမြင်မှု ကိုဖယ်ရှားရန်။

(၄) ကျား/မ ကွဲပြားမှုအပေါ် အခြေပြုဖြစ်ပွားသော အကြမ်းဖက်မှု (GBV) လုပ်ငန်းအစီအစဉ်တွင် ပဋိပက္ခများအတွင်း ဖြစ်ပေါ်ခဲ့သော လိင်အကြမ်းဖက်မှုအဖြစ် မဦးတည်ဘဲ နိုင်ငံတကာ စံနှုန်းများနှင့် အညီ ကျား/မ ကွဲပြားမှု အပေါ်အခြေပြု ဖြစ်ပွားသော အကြမ်းဖက်မှုပုံသဏ္ဍာန်မျိုးစုံကို ညွှန်းဆိုတုန့် ပြန်ရန်။

### နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများသို့ ..

(၅) မြန်မာနိုင်ငံအနေနှင့် ၁၉၉၇ ခုနစ်တွင် လက်မှတ်ရေးထိုးခဲ့သော အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW) ညီလာခံပါ သဘောတူညီ ချက်များကို အကောင်အထည်ဖော်ရန် နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေး အဖွဲ့ အစည်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အာမခံချက်ပေးမည့် ဝေပုံကျခွဲတမ်းစနစ်နှင့် မူဝါဒများတွင် ကျား/မ လူမှုရေးရာများ ထည့်သွင်းခြင်းကို လိုက်နာဆောင်ရွက်ရန်အတွက်..

(က) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အဖွဲ့ များ၊ ပူးတွဲလေ့လာစောင့်ကြည့်ရေး ကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ပူးတွဲဆွေးနွေးမှုဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၏ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ များနှင့် နိုင်ငံရေး အဖွဲ့ အစည်းများ ( အထက်လွှတ်တော်၊ အောက်လွှတ်တော်) တို့ တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် အနည်းဆုံး ၃၀% ခွဲတမ်းပေးနိုင်မည့် ဝေပုံကျစနစ်တစ်ခု အကောင်အထည်ဖော်ပေးခြင်း။

(ခ) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် မူဝါဒ အကြံပြုချက်များ ပုံမှန်ပေးပို့ နိုင်ရန် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ နှင့် အဖွဲ့ အစည်းများတွင် အမျိုးသမီးများအတွက် နေရာဖန်တီးပေးခြင်း။

### နိုင်ငံတော်အစိုးရသို့ ....

(၆) ကျား/မကွဲပြားမှု အပေါ်အခြေပြု ဖြစ်ပွားသော အကြမ်းဖက်မှုများ ( GBV) ကို တုန့် ပြန်ဖြေရှင်းရန် နှင့် ကာကွယ်တားဆီးရေး အတွက် လုပ်ဆောင်မှု စနစ်ကျယ်ပြန့် ၍ ခွဲခြားမှု မရှိသော ကျန်းမာရေး နှင့် တရားရေး စနစ်ကို တည်ဆောက်ရန်အတွက် .....

(က) အမျိုးသမီးများ အပေါ် အကြမ်းဖက်ခြင်းကို ကာကွယ်တားဆီးမည့် ဥပဒေပြဋ္ဌာန်းပေးခြင်း။

(ခ) ကျား/မ ခွဲခြား၍ ဖော်ပြသော သတင်းအချက်အလက်များ ကောက်ယူမှုစနစ်ကို မြှင့်တင်ဆောင်ရွက်ခြင်း အားဖြင့် ကျား/မ ကွဲပြားမှု အပေါ် အခြေပြုသော အကြမ်းဖက်မှုများ ဖြစ်ပွားရသော အကြောင်းရင်းခံ များကို နားလည်သဘောပေါက်မှု တိုးပွားလာစေခြင်း။

(ဂ) ကျား/မ ကွဲပြားမှုအပေါ် အခြေပြုသော အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တုန့် ပြန်ရေး ဆောင်ရွက်ချက်များ တိုးတက်မှုရှိစေရန် အတွက် နိုင်ငံတကာတွင် ကျင့်သုံးနေသော အလေ့အထ ကောင်းများ၊ ဆန်းစစ်လေ့လာခြင်းနှင့် အချက်အလက်များကို အသုံးပြုခြင်း။

(ဃ) ကျား/မ ကွဲပြားမှု အပေါ် အခြေပြုသော အကြမ်းဖက်မှုများကို တုန့် ပြန်ဆောင်ရွက်မှုပေးရာတွင် အမျိုးသမီး အဖွဲ့ အစည်းများ၏ အတွေ့ အကြုံနှင့် ကျွမ်းကျင်မှု တို့ ကို တည်ဆောက်ပေးမည့် လုပ်ဆောင်ချက်များကို သေချာရေရာမှုရှိစေခြင်း။

### အလှူရှင်များ ၊ ရန်ပုံငွေပံ့ပိုးရေး အဖွဲ့ အစည်းများနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများသို့ ....

(၇) (ကုလသမဂ္ဂမူဝါဒ စံညွှန်းအတိုင်း) ရန်ပုံငွေအားလုံး၏ အနည်းဆုံး ၁၅% ကို အမျိုးသမီးများ၏ သီးခြားလိုအပ်ချက်ကို တုန့် ပြန်ဖြေရှင်းပေးမည့် ကိစ္စရပ် ၊ ကျား/မ ရေးရာ သာတူညီမျှရေး မြှင့်တင်ပေးခြင်း ( သို့ မဟုတ်) အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ပေးရန် ဦးတည်သော စီမံကိန်းများ အတွက် ပံ့ပိုးပေးရန်။

(၈) ငြိမ်းချမ်းရေး လုပ်ဆောင်ချက်အားလုံး အတွက် ရန်ပုံငွေ ပံ့ပိုးမှုတွင် (က) အမျိုးသမီးနှင့် မိန်းကလေးငယ်များ ပါဝင်မှု ၊ (ခ) စီမံကိန်း လုပ်ငန်းများအားလုံးတွင် ကျား/မ လူမှုရေးရာ အမြင်ပေါင်းစပ် ပါဝင်မှုရှိစေရန်။

(၉) ဒေသခံ အဖွဲ့ အစည်းများ ဖွံ့ ဖြိုးတိုးတက်ရေး ပံ့ပိုးပေးနိုင်ရန် အတွက်...

(က) ဒေသခံ အဖွဲ့ အစည်းများ အတွက် ကာလရှည်ခိုင်မာ၍ အဓိကကျသော ရန်ပုံငွေ ပံ့ပိုးပေးခြင်း။

(ခ) အစီရင်ခံရာတွင် လိုအပ်ချက်များ ပြဋ္ဌာန်းရာနှင့် အစီရင်ခံစာပုံစံ တို့ ကို အသုံးပြုရာတွင် အသုံးပြု လွယ်ကူ လက်လှမ်းမီနိုင်မှု ရှိစေရန် ဖန်တီးပေးခြင်း။

(ဂ) ဒေသခံ အဖွဲ့ အစည်းများတွင် ကျား/မ ရေးရာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံ ရေး (WPS) ဆိုင်ရာ အကြံပေးပညာရှင်များ ခန့် အပ်ထားရေးအတွက် ရန်ပုံငွေ ပံ့ပိုးပေးခြင်း။

အထက်ပါ ထောက်ခံအကြံပြုချက်များသည် ငြိမ်းချမ်းရေး ပံ့ပိုးမှုဆိုင်ရာ ရန်ပုံငွေ အဖွဲ့ (PSF)၏ ဆွေးနွေးမှုစာတမ်း အမှတ်(၁) ဖြစ်သော ' အမျိုးသမီးများ အသင့်ဖြစ်ပြီ- မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ဆောင်ကြဉ်းရန် အတွက် အခွင့်အလမ်းတစ်ခု' သုတေသန မှ တွေ့ ရှိချက်များ အပေါ် ထင်ဟပ်မည့် အချက်များ ဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေနှင့် ဤ အကြံပြု ချက်များနှင့် စပ်လျဉ်းပြီး မိတ်ဆွေ၏ ပြန်ကြားချက်နှင့် ထည့်သွားပြောကြားလို သည့်အချက်များကို ဖိတ်ခေါ်ပါသည်။ မှတ်ချက်များကို Caitlin.williscroft@peacesupportfund.org သို့ ကျေးဇူးပြုပြီးပေးပို့ နိုင်ပါသည်။

PEACE SUPPORT FUND

ငြိမ်းချမ်းရေးပံ့ပိုး မှုရန်ပုံငွေအဖွဲ့
အမှတ် ၁၃၅၊ အေ (၁)၊သံလွင်လမ်း
ကမာရွတ်မြို့ နယ်၊ ရန်ကုန်မြို့ ။
မြန်မာ။

info@peacesupportfund.org